ကိုင်းကျေးရွာ

ခလိုင်းကျေးရွာအုပ်စု၊မင်းလှမြို့နယ်

မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

# (ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေး ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ကိုင်းကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊မင်းလှမြို့နယ်၏အကူအညီဖြင့်ရေး ဆွဲပါသည်။)

ဩဂုတ်လ ၊၂၀၂၃

# မာတိကာ


၁။ စကားချီး

၂။ သယံဇာတပြမြေပုံ

၃။ ရာသီခွင့်ပြ ပြက္ခဒိန်

၄။ အဖွဲ့အစည်းများပြပုံ

၅။ တည်နေရာ ၊ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

၆။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

- (က) လူဦးရေဆိုင်ရာ အချက်အလက်များ
- ( ခ) စီးပွားရေးအခြေအနေ ၊ ဝင်ငွေပိုင်ဆိုင်မှုနှင့် မမျှတမှု
- ( ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
- (ဃ) ကျန်းမာရေးနှင့် အာဟာရ
- ( င) ပညာရေးနှင့် ကျွမ်းကျင်မှုများ
- ( စ) ကျား – မဆိုင်ရာ ဆက်နွယ်မှု

၇။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

- (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု
- ( ခ) သီးနှံ သား/ငါးထုတ်လုပ်ရေးကဏ္ဍ
- ( ဂ) စိုက်ပျိုးရေး ၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
- (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်စီမံခန့်ခွဲမှု
- ( င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု
- ( စ) ပညာရေး ၊ ကျန်းမာရေး ၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး
- (ဆ) အခြေခံအဆောက်အဦများ လက်လှမ်းမီမှု ၊ လမ်းတံတား ၊ လျှပ်စစ်စွမ်းအား သတင်းနှင့် ဆက်သွယ်ရေး
- ( ဇ) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေအနေကောင်းများနှင့် ရင်ဆိုင်ကျော်လွှားရမည့် အဟန့်အတားများ

၈။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ(၁) – ဖွံ့ဖြိုးရေးဗျူဟာများ

နောက်ဆက်တွဲ(၂) – ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

၉။ စီမံချက်အဆိုပြုလွှာ

၁၀။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း

## ၁။ စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၃/၂၄ဘဏ္ဍာရေးနှစ်မှ ၂၀၂၇/၂၈ဘဏ္ဍာရေးနှစ် အထိ ငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကိုင်းကျေးရွာ၏ ကျေးရွာသူ/ သား များ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဖြစ်ပါသည်။ ကနဦး အနေဖြင့်စီမံကိန်း ဖြစ်မြောက်ရေးအတွက်လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် မင်းလှမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများ ကစီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျပူးပေါင်း ပါဝင်ဆောင်ရွက် သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်း ဆောင်ရွက်နည်းကို အသုံးပြု၍ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့ တစ်ဖွဲ့ကိုကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှု ကိုသိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင် သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊အချက် အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများနှင့် အတူတကွချိတ်ဆက်လုပ်ဆောင် ရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာနားလည်သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်သည်လက်ရှိကာလအတွင်း ရရှိသည့်အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင်ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီးလုပ်ငန်း ဆောင်ရွက် နေမှုတစ်ဝက်ခန့်အရောက်တွင်လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ်မူတည်၍ပြုပြင်

ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရန်လည်းလိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်း ဆောင်ရွက်နိုင်ရန် အတွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မင်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ၊မင်းလှမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင် လည်းကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဩဂုတ်လ၊၂၀၂၃ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ

ကိုင်းကျေးရွာ

မင်းလှမြို့နယ်

# သယံဇာတပြမြေပုံ



# ရာသီခွင်ပြ ပြက္ခဒိန်


ကိုင်းကျေးရွာ၊ကျေးရွာရာသီခွင်ပြ ပြက္ခဒိန်
အဖြစ်အပျက်
တန်ခူး
ကဆုန်
နယုန်
ဝါဆို
ဝါခေါင်
တော်သလင်း
သီတင်းကျွတ်
တန်ဆောင်မုန်း
နတ်တော်
ပြာသို
တပို့တွဲ
တပေါင်း
ရာသီဥတု
အလုပ်အကိုင်
လက်လုပ်လက်စားမိသားစုဝင်ငွေရရှိမှု
(မရှိ) (နည်း) (များ)
အသုံးစရိတ်
ချေးငွေလိုအပ်မှု
ဝမ်းလျှောဖူလုံမှု
သောက်သုံးရေဖူလုံမှု
တိရစ္ဆာန်အစာရရှိမှု
တိရစ္ဆာန်ရောဂါကျရောက်မှု
ကျန်းမာရေးအခြေအနေ
သီးနှံပိုးမွှားကျရောက်မှု
ပွဲတော်
သဘာဝဘေးအန္တရာယ်

# အဖွဲ့အစည်းများပြပုံ


အဖြစ်အပျက်
တန်ခူး
ကဆုန်
နယုန်
ဝါဆို
ဝါခေါင်
တော်သလင်း
သီတင်းကျွတ်
တန်ဆောင်မုန်း
နတ်တော်
ပြာသို
တပို့တွဲ
တပေါင်း
ရာသီဥတု
အလုပ်အကိုင်
ပွဲတော်

## ၅။ တည်နေရာ ၊ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

ကိုင်းကျေးရွာသည် ပေတော(ကန္တား)အုပ်စုတွင် ပါဝင်ပြီး မင်းလှမြို့မှ (၁၃)မိုင်အကွာတွင် ရှိသည်။ ဧရာဝတီတံတား (မလွန်) ၏ အရှေ့ဘက် (၆)ဖာလုံခန့်အကွာတွင် တည်ရှိသည်။ ကျေးရွာ၏ မြေအနေအထားမှာ ထောင့်မှန်စတုဂံပုံရှိပြီး ရွာ၏အနောက်ဘက် ၊ တောင်ဘက်နှင့် အရှေ့ဘက်တွင် လယ်/ယာမြေများရှိသည်။ ရွာ၏မြောက်ဘက်တွင် ဧရာဝတီမြစ်ရှိပါသည်။ မိုးရာသီတွင် ကျေးရွာတွင်းရှိ လမ်းများမှာ ရွှံ့ဗွက်များ ထူထပ်ခြင်းကြောင့် သွားလာရေးခက်ခဲပါသည်။ အဓိကထားရသော စိုက်ပျိုးသီးနှံများမှာ နှမ်း ၊ ဝါ ၊ ပြောင်း ၊ ပဲကြီး ၊ ကုလားပဲမိုးရေသောက်လယ်စပါးနှင့် ဆောင်းရာသီတွင် ခရမ်းချဉ် ၊ငရုတ်၊ကြက်သွန်၊ ခရမ်းစိုက်ပျိုးပါသည်။ ကျေးရွာသည် အပူပိုင်းဒေသတွင် တည်ရှိ သောကြောင့် နှစ်စဉ် ရာသီဥတုမမှန်၍ တောင်သူလယ်သမားများအတွက် အခက်အခဲကြုံ တွေ့ရပါ သည်။

ကိုင်းကျေးရွာသည် စပါးအသင့်အတင့် ၊ ပဲမျိုးစုံနှင့် ဆီးထွက်သီးနှံများ ထွက်ရာဒေသဖြစ်ပါသည်။ ကိုင်းကျေးရွာတွင် မိုးကောင်းလယ်များနှင့် ယာမြေ ၊ ကိုင်းမြေများရှိပါသည်။ လယ်သမားများမှာ မိုးရေကိုသာ အဓိကထား စိုက်ပျိုးရပါသည်။ ထွန်ယက်စိုက်ပျိုးနိုင်သောဧကမှာ (၂၅၂.၅)ဧကရှိပြီး စပါးနှင့် နှမ်း ၊ ပဲမျိုးစုံ စိုက်ပျိုးကြသည်။ သဘာဝဆေးဖက်ဝင်အပင်များရှိပြီး အသိပညာနည်းပါးခြင်းကြောင့် အသုံးပြုနိုင်မှုမှာ နည်းပါးပါသည်။ ကျေးရွာတွင် စားကျက်မြေများ၊ မြေလွတ်မြေရိုင်းများ ကျယ်ပြန့်စွာ တည်ရှိပါသည်။

## ၆။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာ အချက်အလက်များ

ကိုင်းကျေးရွာသည် အိမ်ထောင်စုပေါင်း (၂၂၂)အိမ် ၊ ကျား (၄၂၇) ၊ မ (၄၆၄) ဦးဖြင့် လူဦးရေပေါင်း (၈၉၁)ဦးရှိပြီး တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ (၄)ဦးနှုန်း ရှိပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြပြီး အားလုံးမှာ ဗုဒ္ဓဘာသာဝင်များဖြစ်ပါသည်။ အလုပ်လုပ်နိုင်သော လူဦးရေမှာ ကျေးရွာလူဦးရေ၏ (၅၀%)ခန့် ရှိပါသည်။ လူငယ်များပေါများပြီး လူငယ်များကို စနစ်တကျ လေ့ကျင့် သင်ကြားပေးပြီးဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်မည် ဖြစ်ပါသည်။

### ( ခ) စီးပွားရေးအခြေအနေ ၊ ဝင်ငွေ ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကိုင်းကျေးရွာရှိ ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင် အကဲဖြတ်သော ဥစ္စာခနေအဆင့် ခွဲခြားမှုမှာ ကျွန်တော်တို့၏ ကျေးရွာလူထုသည် ယေဘုယျအားဖြင့်

ဆင်းရဲ ၊ ချမ်းသာ မျှတမှု ရှိပါသည်။ အိမ်ထောင်စု (၂၂)စု၏ (၅၀%)ခန့်မှာ ပြေလည်မှု ရှိပါသည်။

ဆင်းရဲသည်ဟု သတ်မှတ်သူများသည် မြေယာမဲ့များနှင့် စိုက်ပျိုးမြေကေ (၁)ကေမှ (၆)ကေ ပိုင်ဆိုင်သူများနှင့် ကျဘမ်းအလုပ်သမားများဖြစ်ပါသည်။ အိမ်အခြေအနေမှာ သက္ကယ်မိုး ၊ ထရံကာ လေးပင်အိမ်နှင့် သုံးပင်အိမ်အမျိုးအစားများ ဖြစ်ပါသည်။

ချမ်းသာသော မိသားစုများသည် စိုက်ပျိုးမြေကေ (၁၀)ကေမှ (၁၅)ကေ ပိုင်ဆိုင်ပြီး စိုက်ပျိုးရေး လုပ်ကိုင်သူများဖြစ်ကြသည်။ အိမ် အခြေအနေမှာ ပျဉ်ခင်း ၊ ပျဉ်ကာ ၊ အောက်ခံတိုက် ၊ တစ်ထပ်တိုက်၊ ၂ထပ်တိုက် ပိုင်ဆိုင်သူများရှိသည်။ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု အနေအထားကြောင့် စီးပွားရေးအဆင့်အတန်း ဆင်းရဲ ၊ ချမ်းသာ မျှတမှုရှိပါသည်။

**( ဂ) ဆင်းရဲနွမ်းပါးနှုန်းနှင့် ထိခိုက်နစ်နာလွယ်မှု**

ထိခိုက်သက်ရောက်လွယ်သော မိသားစုများသည် အမျိုးသမီးဦးဆောင်သော ဆင်းရဲသည့် အိမ်ထောင်စုများ ၊ သက်ကြီးရွယ်အိုများ ၊ မုဆိုးဖို ၊ တစ်ခုလပ်များ ၊ အခြားဒေသသို့ အချိန်ကြာမြင့်စွာ သွားရောက်လုပ်ကိုင်သူများ ၊ အဆင်းရဲဆုံး တောင်သူများနှင့် မြေယာမဲ့လက်လုပ်လုပ်စားများ ဖြစ်ကြသည်။ ၎င်းတို့သည် အသက်မွေးဝမ်းကြောင်းလုပ်ငန်း ပိုင်ဆိုင်မှုများနှင့် စားဝတ်နေရေး အဆင်မပြေသော မိသားစုများဖြစ်ကြသည်။ ကျေးရွာရှိ ဆင်းရဲသောမိသားစုများနှင့် လူငယ်အများစုမှာ ဝင်ငွေပိုမိုရရှိရန် ပြည်တွင်း/ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ကြပါသည်။ ကျေးရွာအတွင်းတွင် ထိခိုက်လွယ်သော မိသားစုများရှိသော်လည်း သားသမီးတို့၏ ကူညီထောက်ပံ့မှု ၊ ရပ်ဆွေရပ်မျိုးတို့၏ ကူညီထောက်ပံ့မှုတို့ကြောင့် ၎င်းအိမ်ထောင်စုတို့၏ ထိခိုက်လွယ်မှုအခြေအနေမှာ ပုံမှန်အဆင့်သာ ရှိပါသည်။

**(ဃ) ကျန်းမာရေးနှင့် အဟာရ**

ကိုင်းကျေးရွာတွင် ကျေးလက်ဆေးပေးခန်း ရှိပါသည်။ ရာသီအလိုက် ဖျားနာခြင်း ၊ အအေးမိတုပ်ကွေး ၊ ဆီးချို ၊ သွေးချို ၊ လေးဘက်နာ ၊ လေဖြတ်ရောဂါများ ၊ အသက်ရှုလမ်းကြောင်းမှ ကူးစက်ရောဂါများ ဖြစ်လေ့ဖြစ်ထရှိပြီး ဇွန်လနှင့် ဩဂုတ်လမိုးရာသီတွင် ဌက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးများ အဖြစ်များပါသည်။

( င ) **ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကိုင်းကျေးရွာတွင် အသက်ကြီးပိုင်းမှာ ဘုန်းကြီးကျောင်း ပညာရေး အဆင့်သာရှိပြီး ကျန်အများစုသည် အခြေခံ အရေး ၊ အဖတ် ၊ အတွက် ၊ အချက် တတ်မြောက်ကြသည်။ မူလတန်းအဆင့်ရှိသူများ ကျား (၂၂၃)ဦး ၊ မ(၂၉၂)ဦး ရှိပြီးပေါင်း (၅၁၅)ဦး၊ အလယ်တန်းအဆင့်ရှိသူများမှာ ကျား(၁၀၂)ဦး ၊မ (၇၇)ဦး စုစုပေါင်း (၁၇၉)ဦး ၊အထက်တန်း အဆင့်ရှိသူများ ကျား (၆၆)ဦး၊ မ(၄၁)ဦးရှိပြီး ပေါင်း(၁၀၇)ဦး ၊ တက္ကသိုလ်ကောလိပ်အဆင့် ရှိသူများ ကျား(၁၅)ဦး၊ မ(၂၄)ဦး ရှိပြီး ပေါင်း (၃၉)ဦး ရှိပါသည်။

( စ ) **ကျား – မ ဆိုင်ရာ ဆက်နွယ်မှု**

ကျေးရွာတွင် ကျား–မ ရေးရာကိစ္စဆိုင်ရာအနေအထားမှာ Universal Declaration of Human Rights စာတမ်းနှင့်အညီ လွတ်လပ်မှုရှိပါသည်။ ကျား–မရေးရာတာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံချိန်စံနှုန်းများ သတ်မှတ်ထားပါသည်။ ကျေးရွာတွင် ကျား–မ ပြင်းထန်သော အကြမ်းဖက်မှုများ ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ အမျိုးသမီးများအတွက် ပညာသင်ယူမှုအပိုင်းမှာ အမျိုးသားများနှင့် ထပ်တူထပ်မျှပင် ဖြစ်ပါသည်။ သို့သော် ကျေးရွာတွင် နေ့တွက် လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရရှိပါသည်။ ဥပမာအားဖြင့် – အလုပ်တစ်ခုတွင် လုပ်အားစိုက်ထုတ်မှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လျော့နည်းပြီး ရရှိကြပါသည်။ လုပ်အားခ သတ်မှတ်ရာတွင် ကျား–မ မတူညီမှုကလွဲ၍ ကျန်သောအခွင့်အရေးများကို တန်းတူရရှိကြပါသည်။

## ၇။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု**

ကိုင်းကျေးရွာရှိ ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ ဘာသာရေးတွင် ဂေါပကအဖွဲ့၊ ဝတ်အသင်းအဖွဲ့ ၊ ပရဟိတအဖွဲ့ ၊ ရပ်မိရပ်ဖအဖွဲ့ ၊ လူမှုရေးတွင် အုပ်ချုပ်ရေးမှူးအဖွဲ့ ၊အရန်မီးသတ်၊ အမျိုးသမီးရေးရာ ၊ကျေးရွာသမအဖွဲ့၊ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီအဖွဲ့ ၊ ကျောင်းကော်မတီအဖွဲ့ စသည်တို့ဖြစ်ပါသည်။ ၎င်းအဖွဲ့အစည်းများမှ ကျေးရွာဖွံ့ဖြိုး မှုဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ဖွဲ့နှင့် တစ်ဖွဲ့အကြား ချိတ်ဆက် ဆောင်ရွက်မှု ၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ အသင့်အတင့် ရှိပြီး ၊ အဖွဲ့အစည်းများ စွမ်းရည်မြှင့်တင်ရေး

သင်တန်းများကို ကျေးရွာသို့လာ ရောက်ပို့ချပေးပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုနှင့် တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား စည်းလုံးညီညွတ်မှုတို့ ပိုမိုတိုးတက် ကောင်းမွန်လာနိုင်ပါ သည်။

( ခ) **သီးနှံ သား/ငါးထုတ်လုပ်ရေးကဏ္ဍ**

ကိုင်း ကျေးရွာတွင် စပါး ၊ နှမ်း ၊ ဝါ ၊ ပဲအမျိုးမျိုးကို အဓိကထား စိုက်ပျိုးကြပါသည်။မိုးရေကို အဓိကထား စိုက်ပျိုးကြပါသည်။ ကျေးရွာတွင်တောင်သူ (၃၈)ရှိ၍ လယ်ဧက (၆၄.၅)၊ ယာမြေ (၁၇၇.၄)ဧကစုစုပေါင်း စိုက်ပျိုး ဧကမှာ (၂၅၂.၅) ရှိပါသည်။ နှမ်း၊ပဲစဉ်းငုံ မိုးမြေပဲ သီးနှံများအား ကဆုန်၊နယုန်လတွင် စိုက်ပျိုးကြပြီး စပါးကို ဝါဆိုလတွင် စိုက်ပျိုးကြပါသည်။ပဲကြီး၊ ကုလားပဲ၊ ဝါ သီးနှံများအား သီတင်းကျွတ်လတွင် စိုက်ပျိုးပါသည်။ နှစ်စဉ်ရာသီဥတု ဖောက်ပြန်သောကြောင့် သီးနှံအထွက်နှုန်း လျော့ကြပါ သည်။ထွန်ယက်ရန် ထွန်စက်ပိုင်ရှင်များထံတွင် ငှားရမ်းအသုံးပြုရပါသည်။ ငွေကြေး မလုံလောက်၍ ချေးငွေယူ လုပ်ကိုင်ကြရသည်။ လုပ်သားရှားပါး သောကြောင့် ငှားရမ်း လုပ်ကိုင်ရပါသည်။ ပဲကြီး ၊ ကုလားပဲနှင့် နှမ်းစိုက်ခင်းများတွင် ဖျက်ပိုးများ ကြရောက်မှု ပိုမိုတွေ့ရပြီး ၊ ယင်းဖျက်ပိုးသည် ပိုးသတ်ဆေးအချို့အား ခံနိုင်ရည်ရှိ သဖြင့် တောင်သူများသည် ထိရောက်စွာ နှိမ်နင်းနိုင်သော နည်းစနစ်ကို လိုလားကြ ပါသည်။ မိသားစုများမှာ မွေးမြူရေးလုပ်ငန်းအား တစ်ပိုင်၊တစ်နိုင်သာ မွေးမြူကြပါသည်။ ပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာကို မင်းလှမြို့မှ လက်လီလက်ကား ဝယ်ယူရရှိပါသည်။

( ဂ) **စိုက်ပျိုးရေး ၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကိုင်းကျေးရွာတွင် အိမ်တွင်းလက်မှုလုပ်ငန်း အနည်းငယ် ရှိပါသည်။ စက်ချုပ်လုပ်ငန်း ၊နေ့စားအလုပ်များမှာ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ ၊ ဈေးရောင်း ခေါင်းရွက်ဗျတ်ထိုး ၊အစိုးရဝန်ထမ်း လုပ်ငန်းတို့ကိုလုပ်ကိုင် ကြပါသည်။ အခြားလုပ်ငန်း အများစုမှာ ရာသီဥတုအလိုက် လုပ်ကိုင်ရသောကြောင့် အဆင်ပြေမှု လျော့နည်း သည်။ မြေယာမဲ့ လက်လုပ် ၊ လက်စားများမှာ စိုက်ပျိုးရာသီ တွင်သာ အလုပ်အကိုင်ရှိပြီး ကျန်အချိန်များတွင် အလုပ်အကိုင်ရှားပါးပြီး ဝင်ငွေ မမှန်ခြင်းကြောင့် တစ်ချို့မှာ တနယ်တကျေးဖြစ်သော ပြည်တွင်း ၊ ပြည်ပသို့ အလုပ်လုပ် ကိုင်ကြရသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေ များပြားသောကြောင့် ကျေးရွာ၏ အလားအလာကောင်းများ တစ်ရပ်ဖြစ်ကြသည်။ မြို့ပေါ်တွင် အသက်မွေးဝမ်းကြောင်း သင်တန်းအချို့ကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများ ရှိကြသည်။ စက်ချုပ်၊ ဇာထိုး ၊ ပန်းထိုး ၊ ဆံပင်မိတ်ကပ်၊ အလှပြင်၊ မုန့်လုပ်နည်း၊ဆိုင်ကယ်ပြုပြင်ခြင်း၊မိုဘိုင်းဖုန်းပြုပြင်ခြင်း တွင်ခုံ၊ဝပ်ရှော့ စသည့် အသက်မွေးဝမ်းကြောင်း သင်တန်းများနှင့် ရွာသားအများစုသည် အတွေ့ကြုံနည်းပါးကြသည်။ လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင် အနည်းငယ် နိမ့်ကြပြီး သင်တန်းစရိတ် အကုန်အကျခံ ရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း မတတ်နိုင်ကြ၍ ငွေကြေးအဆင်ပြေသော အိမ်ထောင်စုအချို့သာ စက်ချုပ် ၊ စက်ပြင်သောသင်တန်းများကို အခကြေးငွေ အကုန် အကျခံကာ ပို့လွှတ်သင်ကြားနိုင်ကြသည်။

(ဃ) **ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု**

ကိုင်းကျေးရွာတွင် စိုက်ပျိုးသီးနှံများ ဖူးပွင့်လာသည့်အချိန်တွင် ဖျက်ပိုး များကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓါတုဓါတ်မြေသြဇာသုံးစွဲမှု များပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေ ဖြင့် ဘက်စုံဓါတုဆေးဝါးများ သုံးစွဲမှုများပြားသည်။ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ ၊ ပုလင်းခွံ ၊ ဗူးခွံများကို စနစ်တကျ စွန့်ပစ်မှုမရှိခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးရန် လိုအပ်လျှက်ရှိသည်။

ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးခေါင်ခြင်းကို နှစ်စဉ်တွေ့ကြုံခံစားရပါသည်။ စိုက်ပျိုးရေးတွင် မိုးရေကိုသာ အဓိကထားရသောကြောင့် တောင်သူများမှာ ရာသီဥတု မမှန်ခြင်း ၊ စိုက်ပျိုးရေးလုံလောက်မှုမရှိခြင်း စသည်တို့ကို ကြုံတွေ့ရပါသည်။ ကျေးရွာပတ်ဝန်းကျင်ရှိ တောတောင်ရေမြေများ ၊ သစ်တောသစ်ပင်များကို စနစ်တကျ စိုက်ပျိုးရန် ၊ စနစ်ကျ သော စီမံခန့်ခွဲမှု နည်းပညာများ သင်ယူစေခြင်းဖြင့် တော ၊ တောင်ရေမြေနှင့် သဘာဝပါတ်ဝန်းကျင်များကိုပါ အလိုအလျောက် ထိန်းသိမ်းပေးရာရောက်စေပါမည်။

( င ) **ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ကိုင်းကျေးရွာ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေများကို တစ်လအတိုးနှုန်း ၊ တစ်ကေတစ်သိန်းခွဲကျပ်နှုန်းဖြင့်

အများဆုံး (၁၀)ကေအတွက် ချေးယူနိုင်ကြသည်။ စိုက်ပျိုးရေးဘဏ်မှ ချေးယူနိုင်သော်လည်း ပုံစံ(၇)တင်ပြနိုင်မှသာလျှင် ချေးငွေရရှိသဖြင့် တောင်သူအများစုမှာ ချေးငွေရရှိနိုင်မှု မရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် အခြားချေးငွေရရှိနိုင်မှု မရှိသဖြင့် တစ်ချို့အိမ်ထောင်စုများမှာ ရွာတွင် ငွေတိုးချေးစားသူများထံမှ အတိုးနှုန်း ၁၀%နှုန်းဖြင့် ချေးယူကြရသည်။ ကျေးရွာသားများသည် ချေးငွေများကို အကြောင်းအရင်းမျိုးစုံ ၊ ရိက္ခာ ၊ ကျန်းမာရေး ၊ ပညာရေးတို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြရ သဖြင့် ကျေးရွာတွင် ချေးငွေလိုအပ်ချက် များပြားကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် အလွန်ဆင်းရဲသော အိမ်ထောင်စု များအနေဖြင့် မိတ်ဆွေမိသားစုထံမှ (၁၀%) နှုန်းဖြင့် ချေးယူရကြောင်း တွေ့ရှိရပါ သည်။ ကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှအကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရှိသည့်အတွက် ချေးငွေများလွယ်ကူစွာ ထုတ်ယူနိုင်ပြီး လုပ်ငန်းများတိုးချဲ့လုပ်ကိုင်ဆောင်ရွက်လျှက်ရှိပါသည်။

**( စ ) ပညာရေး ၊ ကျန်းမာရေး ၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကိုင်းကျေးရွာတွင် ပညာရေးအနေဖြင့် အထက်တန်းကျောင်း(ခွဲ)အဆင့်ရှိပြီး သွပ်မိုး ၊ အုတ်ထရံဆောင် (၂)ဆောင်ရှိပါသည်။ ၂ ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်ဆဲဖြစ်ပါသည်။ ကျောင်းတွင်လည်း ကျောင်းပရိဘောဂ ၊ ကစား ကွင်း ၊ သင်ထောက်ကူပစ္စည်းများ မရှိသည်ကို တွေ့ရသည်။ ကျောင်းသားဦးရေနှင့် ဆရာဦးရေအချိုးမှာ အတန်းလိုက်အားဖြင့် ညီမျှမှုရှိသည်ကို တွေ့ရှိရပါသည်။ သို့သော်လည်း ကျေးရွာရှိ လူကြီးအများစုသည် စာရေး တတ် ၊ ဖတ်တတ်ကြသည်ကို တွေ့ရှိရပါသည်။ စာမတတ်သူမရှိရဟူသော နိုင်ငံတော်၏ စီမံချက်ကြောင့် (အသုံးလုံး) သင်တန်းများ၏ အကျိုးကျေးဇူးကြောင့် တစ်ရွာလုံး စာရေးတတ် ၊ ဖတ်တတ်ကြပါသည်။ ကျေးရွာရှိ လူအများစုသည် မူလတန်းအဆင့် သာရှိသောကြောင့် ဗဟုသုတ နည်းပါးကြသည်။ ကျေးရွာရှိ လက်ရှိအနေထားတွင် ကေဂျီတန်းမှ တက္ကသိုလ် ကောလိပ်အထိ ပညာသင်ကြားနေသူ (၁၆)ယောက်ရှိပါသည်။ ကျေးရွာ၏ တိုးတက်မှုမှာ ပညာရေးသည် အဓိကဖြစ်ကြောင်း တွေ့ရှိရပါသည်။ ပညာရေးကဏ္ဍအတွက် အခြေခံအဆောက်အဦး ၊ ပရိဘောဂ ၊ ကစားကွင်း ၊ ရေလုံအိမ်သာ ၊ သင်ထောက်ကူ ၊ ဝန်ထမ်းအဆောက်အဦးများ လုံလောက်စွာချထား ပေးရန် လိုအပ်ပါသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိပါသည်။ ကျေးရွာတွင် ဆေးပေးခန်းအတွက် လိုအပ်သော ဆေးဝါးပစ္စည်း အသုံးအဆောင် ပရိဘောဂများ ပြည့်စုံလုံလောက်မှုရှိစေရန် ထောက်ပံ့ပေးရန် တောင်းခံအပ်ပါသည်။

ကျေးရွာတွင် လက်တူးတွင်းများ အိမ်တိုင်းလိုလို ရှိပါသည်။ ကိုင်းကျေးရွာသည် ဧရာဝတီမြစ်ဘေးတွင် တည်ရှိသောကြောင့် သောက်ရေ ၊ချိုးရေ၊ သုံးရေ လုံလောက်မှုရှိပါသည်။

ကျေးရွာရှိ လူငယ်များသည် ဘာသာရေးလုပ်ငန်းများ ၊ လူမှုရေးလုပ်ငန်းများနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ကြသည်။ ကျေးရွာတွင် စာကြည့်တိုက်ရှိသော်လည်း စာအုပ်စာပေများ ပြည့်စုံစွာမရှိသည့်အတွက် အသိပညာ ဗဟုသုတများကြွယ်ဝစေမည့် စာပေများအား ထောက်ပံ့ပေးစေလိုပါသည်။ ကျေးရွာတွင် ဘောလုံးကွင်း၊ ခြင်းကွင်း၊ ဘော်လီဘောကွင်းများ ရှိသော်လည်း ကျွမ်းကျင်မှု မရှိသည့်အတွက် အားကစားဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ပေးစေလို ပါသည်။

(ဆ) **အခြေခံအဆောက်အဦများ လက်လှမ်းမီမှု ၊ လမ်းတံတား ၊ လျှပ်စစ်စွမ်းအား ၊ သတင်းနှင့် ဆက်သွယ်မှု**

ကိုင်းကျေးရွာတွင် ရွာတွင်းလမ်းများမှာ မြေသားလမ်းများဖြစ်ပြီး မိုးတွင်းကာလတွင် မော်တော်ဆိုင်ကယ် ၊ ကား ၊ လှည်း ၊ နွားများကို အသုံးပြုသောကြောင့်ရွှံ့ဗွက်များဖြင့် မကောင်းပါ။ ကိုင်းကျေးရွာမှ မလွန်လမ်းပေါ်သို့ ရောက်ရှိရန် မြေသားလမ်းကိုသာ အသုံးပြုရပါသည်။ မိုးရာသီတွင် သွားလာရာတွင် ဆိုင်ကယ် ၊ ကားများ မချွတ်ချော်စေရန် ၎င်းလမ်းအား ပြုပြင်ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။

ကိုင်းကျေးရွာသည် မဟာဓါတ်အားလိုင်းရှိသည့်အတွက် လျှပ်စစ်မီးအား ကောင်းစွာအသုံးပြုနိုင်ပါသည်။

ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်း ၊ သတင်းဆက်သွယ်ရေးမှာ အသင့်အတင့်ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

ကိုင်းကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေး ချမ်းစွာရှိပါသည်။ ကျေးရွာလူထုကို ဥပဒေနှင့်အညီ နေထိုင်သွားလာတတ်စေရန် နယ်မြေရဲကင်းမှ တစ်နှစ်တစ်ကြိမ် (သို့) နှစ်ကြိမ်ခန့်မျှ မှုခင်းဖြစ်ပွားမှုနည်းအောင် အသိ

ပညာပေးဟောပြောပွဲများ လာရောက်ပြုလုပ်သည့်အတွက် ကျေးရွာလူထုမှ ဥပဒေအသိပညာများ ရရှိပါသည်။ ကျေးရွာတွင် မှူ့ခင်းများမရှိသလောက် နည်းပါးပြီး သဘာဝဘေးအန္တရာယ်ကင်းဝေးရေးနှင့် ပတ်သက်၍ နေ့စဉ်မီးကင်းလှည့်ခြင်း၊ မီးသုံးစွဲချိန်နှင့် မီးငြိမ်းသတ်ချိန်များကို စနစ်တကျ ဆောင်ရွက်ထားရှိသည်ကို တွေ့ရပါသည်။ သို့သော်လည်း မီးဆိုသည်မှာ တစ်ကယ်တွေ့ကြုံလျှင် မလွယ်ကူသောကြောင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ကားများ သင်တန်းများ ပေးစေလိုပါသည်။

## (ဓ) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေအနေကောင်းများနှင့် ရင်ဆိုင်ကျော်လွှားရမည့် အဟန့်အတားများ

### (၁) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ

ကိုင်းကျေးရွာရှိ လူဦးရေ၏၅၀% မှာ အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြသည်။ လူငယ်ပညာတတ်များနှင့် ဘွဲ့ရအရေအတွက် နည်းပါးပြီး ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကြောင်း သင်တန်းများကို လူငယ်များအား လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များ တိုးတက်ကောင်းမွန်စေပါသည်။ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသော ဆေးကုသမှု့များအတွက် မြို့နယ်ဆေးရုံသို့ သွားရောက်ဆေးကုသနိုင်ကြသည်။ ကျေးရွာတွင် စာသင်ကျောင်းနှင့် ပုံ့ပိုးပစ္စည်းများမှာ လက်ရှိပညာရေးအနေအထားအတွက် အသင့်အတင့် အနေအထားတွင် ရှိပါသည်။ ကိုင်းကျေးရွာတွင် စားကျက်မြေ (၁၅)ဧက ၊မြေလွတ်မြေရိုင်း (၆) ဧက ရှိ ပါသည်။

သဘာဝအရင်းအမြစ်များတွင် လယ် ၊ ယာ ၊ ဥယျာဉ် ၊ ကိုင်း ၊ ကျွန်းမြေများသည် မြေဆီသြဇာအသင့်အတင့် ကောင်းမွန်သည်။ တောင်သူများလည်း လယ်ယာမြေထွက်ကုန်များကို အလွယ်တကူ ပို့ဆောင်နိုင်သည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် အချိန်မီ တင်ပို့ရောင်းချနိုင်သည်။

ကျေးရွာရှိ အိမ်များတွင် ခိုင်းနွားများသာမက တပိုင်တနိုင် စီးပွားဖြစ်နွားများကိုလည်း မွေးမြူကြသည်။ မွေးမြူရေးအတွက်အလားအလာ ကောင်းများရှိသော်လည်း မွေး/ကုဦးစီးဌာနမှ နည်းပညာသင်တန်းများ ဖွင့်လှစ်ရန်လိုအပ်သည်။

## (၂) အဟာန့်အတားနှင့် စိန်ခေါ်မှု

ကိုင်းကျေးရွာတွင် စီမံအုပ်ချုပ်မှုကဏ္ဍအနေဖြင့် ကျေးရွာဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြား ချိတ်ဆက်ဆောင်ရွက်မှု ၊ အဖွဲ့အစည်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ညီညွတ်မှု အားနည်းသည်ကို တွေ့ရသည်။ စိုက်ပျိုးရေးကဏ္ဍတွင် နှမ်း ၊ ပဲစဉ်းငုံ ၊ စပါး ၊ ဝါ ၊ ပဲကြီး ၊ ကုလားပဲများ စိုက်ပျိုးသော်လည်း နှစ်စဉ်ရာသီဥတု ဖောက်ပြန်မှုကြောင့် သီးနှံအထွက်နှုန်းကျဆင်းလျှက်ရှိပါသည်။ လုပ်ငန်းလုပ်ကိုင်ရန် အတွက် ငွေကြေးမလုံလောက်မှုကြောင့် ချေးငွေယူ၍ လုပ်ကိုင်ကြရသည်။ လုပ်သားရှားပါးမှုများလည်း တွေ့ရသည်။ ပဲကြီးနှင့် နှမ်းသီးနှံများတွင် ဖျက်ပိုးများ ကျရောက်မှု ပိုမိုတွေ့လာရပြီး ယင်းဖျက်ပိုးသည် အချို့ပိုးသတ်ဆေးများကို ခံနိုင်ရည်ရှိသဖြင့် တောင်သူများအနေဖြင့် ထိရောက်စွာ နှိမ်နင်းသည့် နည်းစနစ်ကို လိုလားကြသည်။ စိုက်ပျိုးရေးစရိတ်အတွက် ပုံစံ(၇)ရှိမှသာ ထုတ်ချေးပေးသောကြောင့် တောင်သူများအနေဖြင့် ပြင်ပမှ အတိုးကြီးစွာ ချေးယူနေရသည်။ ကျေးရွာအနေဖြင့် စိုက်ပျိုးရေးနှင့် သွင်းအားစုများအတွက် အလွယ်တကူ ရရှိနိုင်ရေး အကူအညီလိုအပ်သည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုကို ရရှိနိုင်သော်လည်း ဖျက်ပိုးနှိမ်နင်းရေးနှင့် ပတ်သက်၍ ထိရောက်စွာ အကောင်အထည်ဖော်နိုင်သော အစီအစဉ်မရှိသေးပါ။တောင်သူအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေး ကျင့်သုံးနိုင်သော အထောက်အပံ့များ ရရှိရန် လိုအပ်လျှက်ရှိသည်။

ကျေးရွာအိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအနည်းငယ်သာ ရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရေးအတွက် အခက်အခဲရှိနေပါသည်။ ဒေသတွင်လည်း အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း ၊ နည်းပညာနှင့် အထိအတွေ့နည်းပါးသည်။ ထို့ကြောင့် နိုင်ငံတော်မှ အလုပ်အကိုင် အခွင့်အလမ်းရရှိရေး အသက်မွေးဝမ်းကြောင်းပညာများ သင်ယူခွင့်ရရှိရေး ဆောင်ရွက်ပေးရန် လိုအပ်လျှက်ရှိပါသည်။

ငွေရေး ၊ ကြေးရေးနှင့် ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ် တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သော ချေးငွေရရှိရန် စနစ်များ ပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် တောင်သူ

များနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အထိုက်အလျောက် များပြားသည့်ချေးငွေ လိုအပ်လျှက်ရှိပါသည်။

# မင်းလှမြို့နယ်၊ပေတော(ကန္တား)ကျေးရွာအုပ်စု ၊ ကိုင်းကျေးရွာ

## ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းရမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **လမ်းတံတားနှင့် လျှပ်စစ်** | | | | | |
| | -ရွာတွင်းလမ်းများ မကောင်း | -မြေသားလမ်း ဖြစ်နေခြင်း | -ကျေးရွာလူထုမှ လုပ် | -ငွေကြေးမတတ်နိုင်ခြင်း | -ရွာတွင်းလမ်းများ | -ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း |
| | ခြင်း | -မြေစီးများဖြစ်နေပြီး | အားနှင့် ငွေကြေးထည့် | | ကွန်ကရစ်ခင်းခြင်း | |
| | | မိုးရာသီတွင် သွားလာရ | ဝင်နိုင်ခြင်း | | | |
| | | ခက်ခဲခြင်း | | | | |
| | -ရွာချင်းဆက်လမ်းများ | -မြေသားလမ်း ဖြစ်နေခြင်း | -ကျေးရွာလူထုမှ လုပ် | -ငွေကြေးမတတ်နိုင်ခြင်း | -ရွာချင်းဆက် လမ်း | -ရွာချင်းဆက်လမ်းများ မြေနီ |
| | မကောင်းခြင်း | -ရွံ့ဗွက်များထူနေခြင်း | အားနှင့် ငွေကြေး | | များမြေနီကျောက်စရစ် | ကျောက်စရစ်ခင်းခြင်း |
| | | -မြေစီးများဖြစ်နေပြီး | ထည့်ဝင်နိုင်ခြင်း | | ခင်းခြင်း | |
| | | မိုးရာသီတွင် သွားလာရ | | | | |
| | | ခက်ခဲခြင်း | | | | |
| ၂ | **ပညာရေး** | | | | | |
| | -ဆရာ/ဆရာမများနေထိုင်ရန် | -ကျောင်းသားဦးရေ | ဝန်ထမ်းအိမ်ရာဆောက် | -ငွေကြေးမတတ်နိုင်ခြင်း | -ပညာရေးဌာနအား | - ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း |
| | ဝန်ထမ်းအိမ်ရာလိုအပ်ခြင်း | တိုး ပွားလာခြင်း | လုပ်ရန်မြေနေရာရှိခြင်း | | တောင်းခံခြင်း | |
| ၃ | **ကျန်းမာရေး** | | | | | |
| | -အရေးပေါ်ကားခေါ်ယူရန်ခက် | -အရေးပေါ်လူနာတင် | -မြေနေရာရှိခြင်း | -ငွေကြေးမတတ်နိုင်ခြင်း | -ကျန်းမာရေးဌာနသို့ | -အရေးပေါ်လူနာတင်ယာဉ်တောင်းခံ |
| | ခဲခြင်း | ယာဉ်မရှိခြင်း | | | ချိတ်ဆက် တင်ပြခြင်း | |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၄ | ၅ | ၉ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၁၅ | ၂၄ | ၃၉ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၃၈ | ၃၆ | ၇၄ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသား အရွယ် | ၂၇ | ၃၄ | ၆၁ | ၁ | ၁ |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၁၇ | ၃၁၅ | ၆၃၂ | ၂ | ၃ |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၂၆ | ၅၀ | ၇၆ | ၂ | |
| **စုစုပေါင်း** | | ၄၂၇ | ၄၆၄ | ၈၉၁ | ၅ | ၄ |
| **စုစုပေါင်း အိမ်ထောင်စု** | | ၂၂၂ | | | | |

**ရင်းမြစ်** ... (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက်(၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာလူမှုစီးပွား အခြေအနေမှာ နို့စို့အရွယ် (၅)နှစ်အောက် ကလေး ကျောင်းသားကျောင်းသူအရွယ် သက်ကြီးရွယ်ကြီးနှင့် မသန်းစွမ်းသူအရေအတွက်သည် အလုပ်လုပ်နိုင်သည့်အရွယ်အရေအတွက်ထက် နည်းနေသည့်အတွက် ပျမ်းမျှစီးပွားရေးအခြေအနေမှာ သင့်တင့်လျှောက်ပတ်မှုရှိသော်လည်း ဆင်းရဲချမ်းသာမှု အခြေအနေမှာ ကွဲပြားခြားနား နေကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၃၇ | ၆၃ | ၆ | ၅၇ | ၃၆ | ၃၀ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၂ | - | ၁ | ၁ | - | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၃ | ၅ | - | ၃ | ၂ | ၂ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၃ | ၅ | - | ၃ | ၂ | ၂ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | | | | | | | | ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် | ၉ | ၁၅ | - | ၁၁ | ၄ | - | မြင့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | လုပ်ငန်း | | | | | | | လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | ၅ | - | ၅ | | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၁ | - | ၂ | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | ၅ | - | ၂ | ၃ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၇ | ၁၇ | ၁ | ၁၇ | ၁၇ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်း များ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေ ရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။ ) |
|---|---|---|---|---|---|---|---|---|
| | | အိမ် ထောင် စု | မိသား စု ဝင်လု ပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ် သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၇ | ၂၀ | - | ၂၇ | - | | မြင့် ☑ လတ်☐ နိမ့် ☐ |
| | အလုပ် သမား / ဝန်ထမ်း | - | - | - | - | - | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ် သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ် သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေ ရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။ ) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၇ | ၁၁ | - | ၄ | ၇ | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | ၁ | - | - | ၁ | - | မြင့် ☑လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | ☒ |
| | အလုပ် သမား/ | ၁၀၃ | ၂၁၇ | ၄၀ | ၁၃၉ | ၇၈ | - | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကျပန်း / ရာသီအလိုက်အလုပ်သမား | | | | | | | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၄ | ၂၀ | ၄ | ၁၅ | ၃ | - | မြင့် ☑ လတ်☐ နိမ့် ☐ |
| | စုစုပေါင်း | ၂၂၂ | ၄၀၈ | ၅၁ | ၂၈၇ | ၁၅၄ | - | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။**။"**အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ**"အရေအတွက်တွင်"**မိသားစုဝင်လုပ်အား**" **ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ "**ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)**" ဆိုသည်မှာဖော်ပြပါ လုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လို သူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ -"**စိုက်ပျိုးရေး**" ကဏ္ဍ၏ "**ကိုယ်ပိုင်လုပ်ငန်း**"တွင်ရပ်တည်နိုင်မှု "**မြင့်**" ဆိုပါကအဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင် လုပ်ငန်းတစ်ခု လုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ကျေးရွာတွင် အခြားဝင်ငွေရလုပ်ငန်းများမှ လယ်ယာစိုက်ပျိုးရေး၊ ရေလုပ်ငန်း၊ ဆောက်လုပ်ရေး၊ အရောင်းအဝယ်ဈေးသယ်များ ပြည်တွင်းပြည်ပထွက်ပြီး လုပ်ကိုင်စားသောက်နေကြသည်ကို တွေ့ရပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၃၀၀၀ | ၂၅၀၀ | ၂၅၀၀ | ၂၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာ၀ရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | ၁၂၀၀၀ | - | ၁၀၀၀၀ | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၈၀၀၀ | - | ၇၀၀၀ | - |
| ၇ | ယာဥ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်း၀ယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | - | - | - | - |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်၀င်ငွေ = (လစာ÷၂၂.၇၅)**

(၂) **နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်၀င်ငွေ = (တစ်နာရီ၀င်ငွေ×၈)**

**လေ့လာတွေ့ရှိချက်။** ။ လခစားအလုပ်သမားများ၏ တစ်ရက်၀င်ငွေမှာ လယ်ယာစိုက်ပျိုးရေးတွင် တစ်ရက်၀င်ငွေသည် (၆၀၀၀)နှင့် (၅၀၀၀)လောက်ရရှိပြီး ကျောက်ထုတ်လုပ်ငန်းတွင် တစ်ရက်၀င်ငွေ (၁၂၀၀၀)နှင့် (၁၀၀၀၀)ကြား ရရှိပြီး ဆောက်လုပ်ရေးလက်သမား ပန်းရံလုပ်ငန်းတွင် (၈၀၀၀)နှင့်(၇၀၀၀) လောက်ရရှိကြပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| လယ်မြေ | ၆၄.၅၀ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၁၇၇.၄၀ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | ၄.၅၀ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ဓနိတောမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | ၆ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **စုစုပေါင်း** | ၂၅၂.၅၀ | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်း အမျိုးမျိုး ကြောင့်စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး(သို့) မွေးမြူရေးလုပ်ကိုင်နိုင် သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။**

**လေ့လာတွေ့ရှိချက်။ ။** ကိုင်းကျေးရွာတွင် လယ်မြေ(၆၄.၅၀)ဧကနှင့်ယာမြေ(၁၇၇.၄၀)ဧက ၊ ကိုင်း၊ကျွန်းမြေ (၄.၅၀) မြေလွတ်မြေလပ်(၆)ဧကရှိပါသည်။ တောင်သူများ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ အသင့်အတင့်အနေအထားမှာတည်ရှိပြီး မြေဆီလွှာအရည်အသွေးမှာလည်း အသင့်အတင့်အနေအထား ရှိပါသည်။

(ဂ-၂) ခဘတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

**ဇယား (၅) ခဘတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ခဘတ်ငွေ၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့် ☐ နည်း ☐ မရှိ ☐ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ကျောက်၊သဲ၊ကျောက်စရစ် | များ ☑ သင့် ☐ နည်း ☐ | လွယ် ☑ ခက် ☐ | လျော့ ☐ တိုး |

| အမျိုးအစား | **ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု** (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | **လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ**(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|---|
| **စသည်များ** | မရှိ ☐ | အသုံးမပြုနိုင်ပါ ☐ | ☑အပြောင်းအလဲမရှိ ☐ |
| **သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)** | များ ☑ သင့်☐ နည်း ☐ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| **သဘာဝတိရစ္ဆာန်မျိုးစိတ်များ** | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | ☒ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| **ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊ စိမ့်စမ်း)** | များ ☑ သင့်☐ နည်း ☐ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☑ အပြောင်းအလဲမရှိ ☐ |
| **ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)** | များ ☑ သင့်☐ နည်း ☐ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☑ အပြောင်းအလဲမရှိ ☐ |
| **သစ်တော – အပူပိုင်းသစ်တော** | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ်☑ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐တိုး ☐ အပြောင်းအလဲမရှိ ☑ |
| **သစ်တော – ဒီရေတောများ** | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ အနီးပတ်ဝန်းကျင်တွင် သဲနှင့်ကျောက်စရစ်ပေါများပြီး သုံးစွဲရန်မှာလည်း လွယ်ကူစွာရရှိပါသည်။ သဘာဝအပင်မျိုးစေ့များလည်း ပေါများပြီး သဘာဝတိရစ္ဆာန်မျိုးစိတ်များမှာ အသင့်အနေအထားတွင် တည်ရှိပါသည်။ ရေ ၊ မြေပေါ်၊ မြေအောက်ရေအလွန်ပေါများပြီး အပူပိုင်းသစ်တော၊ဒီရေတောများမှာ နည်းပါးစွာတွေ့ရပါသည်။

**(ဃ) ဥစ္စာစနေအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာစနေအဆင့်အခြေအနေ**

| **အကြောင်းအရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည်သော အိမ်ထောင်စု** |
| **မြေယာပိုင်ဆိုင်မှု** | **များ** | **အသင့်အတင့်** | **နည်း** | အလွန်နည်း (သို့) မရှိ |
| **အိမ်အခြေအနေ** | **အလွန်ကောင်း** | **အသင့်အတင့်ကောင်း** | **ညံ့** | **အလွန်ညံ့** |
| **ကုန်ထုတ်လုပ်မှုနှင့်** | **များ** | **အသင့်အတင့်** | **နည်း** | **မရှိ** |

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| ဆိုင်သောပိုင်ဆိုင်မှု | | | | |
| အဓိကစီးပွားရေးလုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၅၀ | ၅၀ | ၉၀ | ၆၂ |

**ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ ကိုင်းကျေးရွာ၏ ဥ စွာခနအဆင့်အခြေအနေမှာ အဆင်ပြေသော အိမ်ထောင်စု(၅၀%) အလယ်အလတ်ရှိသောအိမ်ထောင်စု(၅၀%) မပြေလည်သောအိမ်ထောင်စု(၆၀%) အလွန်မပြေလည်သောအိမ်ထောင်စု(၆၂%)မှာ တည်ရှိပါသည်။ အဆင်ပြေသောအိမ်ထောင်စုမှာ မြေယာပိုင်ဆိုင်မှု အသင့်အတင့် အိမ်အခြေအနေ အလွန်ကောင်းပြီး စီးပွားဝင်ငွေအလွန်ကောင်းကြပါသည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာခနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)**

